ပုံစံ(မနသ–၂)

၀၅၁၁

၂၂-၇-၉၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ – ၀၃၂/၉၆ ၁၉၉၆ ခုနှစ်၊ ဇူလိုင် လ ၂၂ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ~~[illegible]~~ ဦး ဝေဖြိုး

(ခ) အဘအမည် ~~[illegible]~~ ဦး ဝင်း သိန်း

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ~~[illegible]~~ ၁၂/ဗဟန(နိုင်)၀၀၂၈၄၅

(ဃ) နေရပ်လိပ်စာ ၁၁၈ (ဇီ) ပြည်လမ်း ၊ ခရမ်း ကုန်း မြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ရသ၁မျိုး ဝက်မှုလုပ်ငန်း လီမိတက်

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား အသင့်စား ခေါက်ဆွဲ ခြောက် နှင့်စား သောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) နှယ်နေ ကျေးရွာ၊ ကွင်းအမှတ် ၅၂၈ (ခ) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း ။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ~~[illegible]~~

** ကျပ် (၁၃၂ .၉၉) သန်းကျော် (ကျပ်တစ်ရာ့သုံးဆယ်နှစ်သန်း နှင့်ကိုးသိန်း ကိုး သောင်း ကျော်)

~~[illegible]~~

~~* ကျပ် ([illegible]) [illegible]~~

** ကျပ် (၁၁၆ .၈၈) သန်း (ကျပ်တစ်ရာ့တစ်ဆယ့် ခြောက်သန်း ရှစ်သိန်း ရှစ် သောင်း)

[signature]

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၁၊ ၂၀၀၀ ခုနှစ် (က) အမှတ် ကော်မရှင်၏ (၁/၂၀၀၀) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြင်ဆင်သည်။

[signature]

(ဦး သောင်း)
ဥက္ကဋ္ဌ

* (၁–၃–၂၀၀၀)
နေ့တွင်ကျင်းပသော ကော်မရှင်၏ (၅/၂၀၀၀) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြင်ဆင်သည်။

[signature] ၂၀.၄.၂၀၀၀

(ဦး သောင်း)
ဥက္ကဋ္ဌ

လျှို့ဝှက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၂၆ / ၉၆

ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊

(၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)။

၁။ မြန်မာနိုင်ငံမှ ချိုချိုထ ရေးဒင်ကုမ္ပဏီလီမိတက်နှင့် ဦး၊ ဝင်းသိန်း တို့ဖက်စပ် ပြုလုပ်မည့် ရသာချိုစက်မှုလုပ်ငန်း လီမိတက်သည် ဟောင်ဖျံ့နွယ် ရွှေကျေး ရွာ၊ ကွင်းအမှတ် ၅၂၀ (ခ) မင်္ဂလာဒုံမြို့နယ်တွင် အသင့်စား ခေါက်ဆွဲခြောက်နှင့်စား သောက်ကုန်ထုတ် လုပ်မှုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင် ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၂၁ - ၆ - ၉၆) နေ့တွင်ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၉ / ၉၆) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၃ - ၇ - ၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရအဖွဲ့၏ (၂၄ / ၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီး ချုပ်ရုံးမှတင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသား များရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခန်း - ၅၊ ပုဒ်မ - ၁၀ အရ အာဏာအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရသာချိုစက်မှုလုပ်ငန်း လီမိတက်အား အသင့်စား ခေါက် ဆွဲခြောက်နှင့်စား သောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြု မိန့်အမှတ်၊ မနသ - ၀၃၂ / ၉၆ ကိုထုတ်ပေးလိုက်သည်။

၂။ ရသာချိုစက်မှုလုပ်ငန်း လီမိတက်အနေဖြင့် ခွင့်ပြုမိန့်အရ အသင့်စား ခေါက်ဆွဲခြောက်နှင့်စား သောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၇)၊ ပုဒ်မ - ၁၂ အရ စီးပွား ရေးလုပ်ငန်း စတင်သောနှစ်အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့်ဥပဒေပုဒ်မ - ၁၃ ပါပြဋ္ဌာန်းချက်များ နှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန်ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

လျှို့ဝှက်

(ဆ) ဥပဒေပုဒ်မ-၁၃(ဈ) အရ သတ်မှတ်ထားသည့် ကနဦးရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက်ကုန်ထုတ်လုပ်ရန်တင်သွင်းသည့်ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင်အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကိုကင်းလွတ်ခွင့်ပြုသည်။

(ဇ) ဥပဒေပုဒ်မ-၁၃(ည) အရ ထုတ်လုပ်မည့်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ်ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ-၁၃(ဇ) အရ ပြည်ပမှတင်သွင်းသည့်စက်ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ-ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits) ကုန်ပစ္စည်းပြန်လည်ဝယ်ယူသည့်စနစ် (Buy-back System) စသည်တို့ကိုဖော်ပြရန်၊

(ခ) တင်သွင်းမည့်ပစ္စည်းအမျိုးအစားစာရင်း (Invoice and Packing List) များကိုနိုင်ငံခြားမှတည့်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ဝယ်သို့တင်ပြ၍ထောက်ခံချက်ရယူရန်၊

၄။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍သတ်မှတ်ပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကိုတိကျစွာလိုက်နာဆောင်ရွက်ရမည်။

၅။ ရသာချိစက်မှုလုပ်ငန်းလီမိတက်မှ နိုင်ငံခြားသားကျွမ်းကျင်သူများငှားရမ်းခွင့်ကိစ္စနှင့်စပ်လျဉ်း၍မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း (၉)၊ အပိုဒ်(၃၃) တွင်သတ်မှတ်ချက်များနှင့်အညီကော်မရှင်သို့သီးခြားတင်ပြလျှောက်ထားရမည်။

၆။ ရသာချိစက်မှုလုပ်ငန်းလီမိတက်မှအသင့်စားခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာ၌ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထု၊ သစ်သမ်းမှုစသည်များမဖြစ်ပေါ်စေရန်အတွက်လိုအပ်သည့်ပတ်ဝန်းကျင်သစ်သမ်းမှုထိန်းသိမ်းကာကွယ်ရေးအစီအမံများကိုစနစ်တကျထားရှိဆောင်ရွက်ရမည်။

ဖြန့်ဝေခြင်း -

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး ။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး ။

၃။ အစိုးရအဖွဲ့ရုံး ။

၄။ ဒုတိယဝန်ကြီးချုပ်ရုံး ။

၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ။

၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ။

၇။ ကုန်သွယ်ရေးဝန်ကြီးဌာန ။

၈။ အမှတ်(၁)စက်မှုဝန်ကြီးဌာန ။

၉။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ။

၁၀။ ဥက္ကဋ္ဌ၊ မြန်မာ့နိုင်ငံတော်ဗဟိုဘဏ် ။

၁၁။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ဝေယံ၊
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဖက်စပ်စွန့်ဦးပါရင်းအင်းနှင့်စက်အေးရေး
ဦးစီးဌာန)

၁၂။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန ။

၁၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း ။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန ။

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ။

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ။

၁၇။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း
ရှင်များအသင်း ။

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ။

၁၉။ ဦးဝင်းသိန်း၊ မန်နေဂျင်းဒါရိုက်တာ၊
ရာသာဒေချိစက်မှုလုပ်ငန်းလီမိတက် ။

အမိန့်အရ -

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး ။

*၅၁၀/၇/၉၆ ။